**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

ပထမနေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )**

**[ တနင်္လာနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော် မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် (၂၀၀ x ၃၀ x ၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး က ပညာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင်(၁၈၀x၃၀)ပေ (၁)ထပ်ဆောင် တစ်ဆောင်စီ အသစ်ဆောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေ လျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။

( ခ ) ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် (၁၄၀x၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်သော သိပ္ပံဆောင်၊ စာကြည့်တိုက်နှင့် စာသင်ခန်းအဖြစ် အသုံးပြုနိုင်ရန် (၆၀x၃၀)ပေ (၁)ထပ်ဆောင်အသစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော

ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)၊ ရန်ပုံငွေလျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။

(ဂ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် ကျေးလက်ဒေသ ပညာသင်ကြားရေး အခန်းကဏ္ဍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး က ဟိုပန်မြို့နယ်၊ မုန်းဟွမ်(ဝ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှင့် မုန်းကွန်(ရှမ်း)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တို့မှာ ကျောင်းဆောင် သစ်များ ဆောက်လုပ်ပေးရမည့် အခြေအနေထက် ဦးစားပေးဆောင်ရွက်ရမည့် ကျောင်းများ ရှိနေသည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရောက်ရှိမှသာ မြို့နယ် ဦးစားပေးအစီအစဉ်အရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဟင်းနား ကျေးရွာတွင် ပညာရေးဝန်ကြီးဌာန၏ အမည်ပေါက် နိုင်ငံတော်ပိုင် ဖြစ်သည့် အသိအမှတ်ပြုကျောင်း ဖွင့်လှစ်ထားရှိခြင်း မရှိသေးသည့်အတွက် ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။

(ဃ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီ မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)များတွင် (၄၀၀ x ၂၅၀)ပေ ကျောင်းအားကစားကွင်း/ဘောလုံးကွင်းများ လာမည့်ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး က ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ပေါင်းစပ် ဖြေကြားမှုအရ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်း အခြားကျန်ရှိသည့် အခြေခံ ပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများအတွက် ဘောလုံးကွင်းများ ဖော်ထုတ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ရန်ပုံငွေစိစစ်လျှော့ချမှုအရ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်ကြားလာမှုအပေါ် ပေါင်းစပ်ရှင်းလင်း ဖြေကြားပါသည်။

(င) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၊ ရသေ့ တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် နေရာ အတွက် ရွေးကောက်ပွဲပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးအောင်မြင့် က လစ်လပ် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်အတွင်း ကျင်းပ ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**အတည်ပြုခြင်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းမှု မရှိသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

၄။ ဥပဒေကြမ်းကော်မတီဝင်၊ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပါသည်။

**အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုး၍ ၁၈-၁-၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

၆။ အစည်းအဝေးကို နေ့လယ် ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။ ဒုတိယနေ့ အစည်း အဝေးကို ၁၇-၁-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပရန် လျာထားပါသည်။

**အမျိုးသားလွှတ်တော်**